၀၂၈၆ ၁၂၄၀ခု ကဆုန်လဆုပ် – ရက်
( May. 1878 )

ပုခန်းဆရာတော်စာဆက်သွင်းပါသည်။ သက္ကရာဇ်၁၂၄၀ကဆုန်လပြည့်ကျော် ၆ရက်နေ့ ဆက်သသည်။ သရက်သီးလုံးရေ ၇၇၆ပိန္နဲသီးလုံးရေ၅များကို။ ၀ဋ္ဋဒုက္ခသံသရာမှ။ ဘ၀မကြာ။ ဆောစွာထွက်မြောက်လိုသော။ မနောပဏီဓိ။ ရှိရင်းရှိတော်မူသောသည်နှင့်တူစွာ။ ဓမ္မိယာလဒ္ဓ။ စင်ကြယ်စွာယအပ်သော။ ဖြူစင်သန့်ရှင်းအောင်။ ဒါန၀တ္ထု။ အစုစုများတို့ကို။ သဃ်ာတော်မြတ် တို့အား။ ပစ္စယာနုဂ္ဂဟဒါနအလို့ငှာ။ ပို့သလှူဒါန်းလာရော်ရာ။ စတုတ္ထရစ်ထပ်မံလှူ။ မတ္တရာတိုက်ကျန် သဃ်ာ၃၃ပါးတနှင့်။ ၀ဇိရာရာမတိုက်ရှိသဃ်ာ ၁၂၈။ ၀ဇိယာရာမတိုက်သဃ်ာ တော်တို့အား။ သရက်သီးလုံးရေ ၇၇၆။ တပါးလျှင် ၃လုံးကျ။ ၇စုသဃ်ာ ၂၅၅။ ပိန္နဲသီးလုံးရေ ၅။ တလုံးလျှင်၄ပါး။ ကျ၇စုသဃ်ာ၂၀။ ၂စု ၂၇၅စေ့ငှလှူဒါန်းရရှိသည်ကို။ ကုသိုလ်တော်အဟုံ အလုံးစုံတို့ကြောင့်။ ဘုံ၃လောကီခေတ်မှ။ စင်စစ်ထွက်မြောက်ရာ။ နိယောဓသေစ္စာ။ ချမ်းသာ မျက်မှောက်ရော်တော်မူခြင်းငှာ။ စာဆက်သွင်းပါသည်။ ပဌမသင်္ဂါယတနာတင်သာသနဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်။
MWT-0225-25